# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ။)

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

## (၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည လူ့ လွှတ်တော ် ရွေးကောကပွဲဥပဒေ ပဒ မ ၂၊ ပဒ မ ခွဲ (ဇ)၊ ပုဒမခွဲငယ် (၂)ကို ပဒ မ ၂၊ ပဒမခွဲ (ဇ)၊ ပုဒမခွဲငယ(၁)အဖြစ ပြောငးလဲအမှတ်စဉ်ပြီး ပဒ မ ၂၊ ပုဒမခ (ဇ)၊ ပုဒမခွဲငယ် (၁)တွင်ပါရှိသော ‘‘နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ’’ ဆိုသည့်စကားရပ်ကို ‘‘ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ’’ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ်(၂)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၅ တို့တွင်ပါရှိသော ‘‘နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ’ ဆိုသည့်စကားရပ်ကို ‘‘ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ’’ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

``(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊``

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

``(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်အသက ၁၈နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အ အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။``

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

``(က) မဲဆန္ဒနယ်တစ်နယ၏ မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည်ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။``

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**